# မြသန်းတင့်



ခန်းဆောင်နီထဲတွင်

# အိပ်မက်မက်ကြသည့်ခြင်း

## ခန်းဆောင်နီအိပ်မက် ဝတ္ထုအကျဉ်းချုပ်

'ခန်းဆောင်နီအိပ်မက်' ဝတ္ထုကြီးသည် တရုတ် ဂန္ထဝင်တွင် အလွန် ထင်ရှားသည့် ဝတ္ထုကြီး ဖြစ်သည် ။ တရုတ်ပြည် ချင်မင်းဆက် ကျိန်း လုံးမင်း လက်ထက်ဖြစ်သော ၁၇၆၅ ခုနှစ်တွင် ပထမအကြိမ် ပေါ်ထွက် ခဲ့ရာ လေးငါးနှစ်အတွင်း အလွန် လူကြိုက်များ သည့် ဝတ္ထုကြီး ဖြစ်လာ သည် ။ သို့ရာတွင် စာမူများမှာ လက်ရေးဖြင့်ကူး၍ ဖတ်ရသည့် စာမူများ ဖြစ်သဖြင့် ထိုဝတ္ထုကြီးတစ်ပုဒ်ကို ဖတ်ချင်လျှင် ငွေပေါင်းများ စွာ အကု န်အကျခံနိုင်မှ သာ ဖတ်ရသည် ။ ထိုစဉ်က ဝတ္ထုကြီးမှာ အခန်း ၈၀ မျှ သာရှိပြီး ရေးသူမှာ ထိုခေတ်တွင် ထင်ရှားသည့် တရုတ် စာရေးဆရာကြီး ဆောင်ဇူချင်းဖြစ်သည် ။ ကျန်အခန်း ၄၀ ကို ကောက် ငို အမည်ရှိ စာရေးဆရာက ဆက်ရေးရာ စုစုပေါင်း အခန်း ၁၂၀ ရှိသည် ။ ထိုဇာတ်လမ်း ဖြစ်ပေါ်လာပုံကို ရေးပြရာတွင် စာရေးဆရာက ပုံပြင် ဆန်ဆန် အစချီထားသည် ။

အခါတစ်ပါး၌ နူဟွာမည်သော နတ်သမီးသည် ပျက်စီးသွားသော ကောင်းကင်ကြီး၏ ခေါင်မိုးကို ကျောက်တုံးများ ဖြင့် ပြင်ဆင်သည် ။ ထို အခါတွင် ကျောက်တုံးတစ်တုံးမှာ ကောင်းကင်ကို ပြင်ဆင်ရာတွင် အ သုံးမခံရဘဲ ကျန်ရစ်ခဲ့သည် ။ ထိုကြောင့် ထိုကျောက်တုံးသည် ကောင်း ကင်ကြီး၏ အမိုးကို ပြင်ဆင်ရာတွင် မပါရလေခြင်းဟု ဝမ်းနည်းခြင်း ဖြ စ်သည် ။ ထိုသို့ဝမ်းနည်းလျက် စိတ်မကောင်းဖြစ်နေစဉ် သူ့အနီးသို့ မ

ထေရ်တစ်ပါးနှင့် တာအို ကိုရင်ကြီးတစ်ပါးတို့ ရောက်လာကာ ကျောက်တုံးမှ ၁ အဖိုးတန် ကျောက်တုံးတစ်တုံး ဖြစ်ဟန်ရှိ၏။ ထို့ကြောင့် ဤအဖိုးတန်ကျောက်တုံးကို နှောင်းလူတို့ သိစေခြင်းငှာ ထိုကျောက်တုံး ပေါ်တွင် ငါတို့ ကမ္ပည်းထွင်းခဲ့အံ့။ ထို့နောက် ထိုကျောက်တုံးကို လူ့ပြည် ရှိ လူချမ်းသာ မှူးမတ်တစ်ဦး၏ အိမ်တွင် လူဝင်စားအဖြစ် ပို့ဆောင်ပေး အံ့။ ထိုအိမ်တွင် အသင် ကျောက်တုံးသည် လူဝင်စားဖြစ် လာပြီးနောက် လောကီစည်းစိမ်ချမ်းသာတို့ ကို ခံစားလေတော့ဟု ဆို၍ စာရေးထွင်း ပေးခဲ့၏။

သို့ဖြင့် မထေရ်နှင့် ကိုရင်ကြီးတို့ သည် ထိုကျောက်တုံးကို လူပြည်သို့ ယူဆောင်သွားကြလေသည် ။ နှောင် ကပ်ကမ္ဘာပေါင်းများ စွာ ကြာသည့် အခါ၌ တာအိုသာမဏေတစ်ပါးသည် ထိုကျောက်တုံးကို တွေ့ရာတွင် ကျောက်တုံး၏ တောင်းပန်ချက်အရ ထိုကျောက်တုံးပေါ်တွင် ပါသည့် ကမ္ပည်းစာတို့ ကို ရေးကူးသည် ။ ထိုသာမဏေသည် အနိစ္စတရားကို ဆင်ခြင်ရာမှ သောဘဏတရား (အလှတရား)ကို မြင်သည် ။ ထိုသောဘဏတရား (အလှတရား) သည် ချစ်ခြင်းမေတ္တာကို ပေါက်ဖွားစေသည် ။ အလှကိုချစ်ခင်ရာမှ တဖန် အနိစ္စတရား (ဝါ) သုညတရားကို မြင်သည် ။ ထို့ကြောင့် ကျောက်တုံးတွင် ပါသည့် စာတို့ ကို ကိုးကားရေးခဲ့သည် ။ ထိုသာမဏေရေးသည့် စာတို့ ကို (ကျွန်ုပ်) စာရေးဆရာ ဆောင်ဇူချင်း က တွေ့ရှိ၍ ပြင်ဆင်ရေးသားလိုက်သည် ဟု ဆိုကာ ထိုဝတ္ထုဖြစ်ပေါ် လာပုံကို အထက်ပါအတိုင်း နိဒါန်းပျိုးပြီးနောက် ဝတ္ထုဇာတ်လမ်းကို စ သည် ။

ဇာတ်လမ်းမှာ ဤသို့ဖြစ်သည် ။

နန်ကင်းခေါ် ရှီတိုးမြို့တွင် ကျိဆွေမျိုးကြီး ရှိသည် ။ ထိုဆွေမျိုးစုကြီး

တွင် နိန်ကူမြို့စားနှင့် ယွန်ကူမြို့စားဟူ၍ သားနှစ်ယောက်ရှိသည် ။ နိန်ကူမြို့စားကြီး၏ သားကြီး ကျိဖူးမှာ ငယ်စဉ်ကတည်းက သေဆုံးသွားသည့်အတွက် မြို့စားအရိုက်အရာကို သားငယ်ဖြစ်သူ ကျိချင်က ဆက်ခံရသည် ။ သို့ရာတွင် ကျိချင်မှာ ဘာသာတရားကို လိုက်စားသူဖြစ်သည့်အတွက် တရားဘာဝနာနှင့်သာ အချိန်ကုန်နေသည့်အလျောက် သူ့သားကျိချန်က ဆက်ခံရသည် ။ ကျိချန်မှာ သူ့အဖေ ကျိချင်ကဲ့သို့မဟုတ်ဘဲ အပျော်အပါး မိန်းမလိုက်စားသူ ဖြစ်သည် ။ သူ့တွင် ကျိယုန်ဆိုသည့် သားငယ်တစ်ဦးရှိပြီး ကျိယုန်၏ မိန်းမမှာ ကျင်ကို့ ဖြစ်သည် ။

ယွန်ကူမြို့စားကြီး၏ အကြီးဆုံးသားမှာ ကျိရှဲဖြစ်ပြီး ကျိလျှံဟူသည့် သားတစ်ယောက်ရှိသည် ။ ကျိလျှံ၏ မိန်းမမှာ စိဖန်းခေါ် နတ်ငှက်မယ်ဖြစ်သည် ။ ယွန်ကူမြို့စားကြီး၏ ဒုတိယသား (ကျိရှဲ၏ အောက်) မှာ ကျိချိန်ဖြစ်သည် ။ သူ့အောက်တွင် ကျိမင်ဆိုသည့် ညီမငယ်တစ်ယောက် ရှိသည် ။ ကျိမင်မှာ လင်ဟိုက်ဆိုသူတစ်ဦးနှင့် အိမ်ထောင်ကျပြီး ထိုက်ယုဆိုသည့် သမီးကလေးတစ်ယောက် မွေးပြီး သေဆုံးသွားသည် ။ ကျိချိန်သည် ဝမ်ဆွေမျိုးစုမှ သခင်မဝမ်ဆိုသူ အမျိုးသမီးနှင့်လက်ထပ်ပြီး ကျိချန်ဆိုသော သားကြီးတစ်ယောက် မွေးသည် ။ ထိုသားသည် ငယ်ငယ်တွင် သေခဲ့သည် ။ ထို့နောက် ယွန်ချွန်းဆိုသည့် သမီးတစ်ယောက် မွေးသည် ။ ထိုသမီးသည် နောင်တွင် ဘုရင်၏ မြောက်နန်းမတော် မိဖုရားငယ်အဖြစ် ချီးမြှောက်ခြင်းခံရသည် ။ ကျိချိန်၏ တတိယကလေးမှာ ပေါက်ယုဆိုသည့် ယောကျ်ားလေးတစ်ဦးဖြစ်သည် ။ ပေါက်ယုသည် အမိဝမ်းမှ ကျွတ်လာခဲ့စဉ် ခံတွင်းတွင် ကျောက်စိမ်းတုံးတစ်တုံးငုံလျက် မွေးလာသဖြင့် ထူးခြားသည့် ကလေးတစ်ယောက်ဟု ယူဆကြသည် ။ ထို့ကြောင့် ပေါက်ယုကို သူ့ဘွားအေ မယ်မယ် (ကျိချိန်၏ အမေ)က အလိုလိုက်သည် ။ အသက် ၇ နှစ်၊ ၈နှစ်လောက်တွင် ပေါက်ယုသည်

အခြားသော ကလေးများ ထက် ထူးခြားသည့် အရည်အချင်းများကို ပြလာသည် ။ စာပေ၊ ကဗျာ တို့ ကို ဝါသနာပါသည် ။ သို့ရာတွင် ပေါက်ယုသည် မိန်းမတောတွင် ပျော်မွေ့သူဖြစ်သည် ။ မိန်းမသည် မြတ်သည် ၊ သန့်ရှင်းသည် ၊ ယောကျ်ားသည် ယုတ်နိမ့်သည် ၊ ညစ်ညမ်းသည် ဟု ယူဆသည် ။ ဤသည် ကို ကြည့်၍ သူ့အဖေ ကျိချိန်က ပေါက်ယုသည် ကြီးပြင်းလာသည့်အခါတွင် မိန်းမစသည့် အပျော်အပါးတို့ ကို လိုက်စားမည့်သူ ဖြစ်သည် ဟု အထင်ရှိကာ သားကို စိတ်ပျက်သည် ။ ကွပ်ညှပ်သည် ။

ကျိဆွေမျိုးစုတို့ နေထိုင်သည့် စံအိမ်ကြီးမှာ အလွန်ကြီးမားသည့် စံအိမ်ကြီးဖြစ်သည် ။ သူတို့ အိမ်တွင် လာရောက် နေထိုင်သူတို့ လည်း ရှိသည် ။ ထိုက်ယုမှာ အဖေ၊ အမေ မရှိတော့သဖြင့် သူတို့ အိမ်တွင် လာရောက်နေထိုင်သည် ။ ထို့ပြင် ဆွေ့ဆွေမျိုးစုမှ ပေါက်ကြည်ဆိုသည့် သူငယ်မလေးတစ်ဦးလည်း သူတို့ စံအိမ်တွင် လာရောက်နေထိုင်သည် ။ ထို့ပြင် ရှိစမ်းယဉ်ဆိုသည့် သူငယ်မလေးတစ်ဦးလည်း လာရောက်နေထိုင်သည် ။ မြောင်ယုဆိုသည့် သီလရှင်ငယ်တစ်ဦးလည်း သူတို့ စံအိမ်အတွင်း ဝင်းအတွင်းတွင် ကျောင်းတစ်ကျောင်းဆောက်၍ နေထိုင်သည် ။

ထိုက်ယုသည် အဖေ၊ အမေ သေဆုံးသည့်အခါတွင် သူတို့ အိမ်သို့ လာရောက်နေထိုင်သည် ။ ထိုအချိန်၌ ထိုက်ယုမှာ အသက် ၁၁ နှစ် ရှိပြီး ပေါက်ယုနှင့် ရွယ်တူဖြစ်သည် ။ ပေါက်ကြည်မှာ လွန်စွာချောမောပြီး သူတို့ ထက် တစ်နှစ်ကြီးသည် ။ အရွယ်ရောက်လာသည့်အခါတွင် ပေါက်ယုသည် ထိုမိန်းမပျိုနှစ်ယောက်ကို ချစ်နေသည် ။ ပေါက်ကြည်မှာ ထိုအကြောင်းကို မသိသော်လည်း ထိုက်ယုမှာ ထိုအကြောင်းကို သိသဖြင့် ပေါက်ကြည်အား မနာလိုဝန်တိုဖြစ်သည် ။

ပေါက်ယု၏ အစ်မ ယွန်ချွန်းသည် ဘုရင်၏ မိဖုရားငယ်အဖြစ် ချီးမြှောက်ခြင်း ခံရသည့်အခါတွင် ကျိုမိသားစု၏ အရှိန်အဝါသည် ပိုမို၍ ကြီးကျယ်လာသည် ။ နန်းမတော်ထိပ်ထားသည် တစ်ခါတစ်ရံတွင် စံအိမ်သို့ အလည်လာတတ်ရာ သူလာလျှင် အပျင်းပြေစေရန်အတွက် စံအိမ်ဝင်းထဲအတွင် မဟာနန္ဒာမည်သော ဥယျာဉ်ကြီးတစ်ခု ဆောက်လုပ်စေသည် ။ သို့ဖြင့် သူတို့ သည် ထိုဥယျာဉ်ကြီးထဲတွင် ပျော်ရွှင်စွာ ကစားကြသည် ။ ပေါက်ယုသည် အရွယ်ရောက်လာသည့်အခါတွင် ကျင်ချွန်း၊ ချိကွမ်း၊ ဆွေ့ဖန် စသည့် အပေါင်းအသင်းများ ရှိလာခဲ့သည် ။ ပေါက်ယုသည် အပြင်တွင် ထိုသူငယ်ချင်းများ နှင့် ပျော်ပါးသောက်စားပြီး စံအိမ်တွင်းတွင် ဆိုလျှင် သူ့အစေတော်များ ဖြစ်သော (ဆိယင်) မာလာ၊ ချင်ဝမ်း၊ ပင်အဲ၊ ဇူချွန်း စသည့်တို့ နှင့် ပျော်ပါးကစားတတ်သည် ။ ပေါက်ယုမှာ စိတ်နှလုံးကောင်းရှိပြီး ဉာဏ်ထက်မြက်သည့်အတွက် အမြဲတမ်း သောကရောက်ရသည် ။

စံအိမ်ကြီးမှာ ကြီးကျယ်ရုံမျှမက အဆောင်အယောင်၊ အခမ်းအနားတို့ ကလည်း များ သည့်ပြင် အပျော်အပါးတို့ ကိုသာ လိုက်စားလျက်ရှိသည့်အတွက် တဖြည်းဖြည်း စီးပွားပျက်လာသည် ။ အပေါ်ယံအားဖြင့် ခမ်းနားသော်လည်း အတွင်းတွင် တဖြည်းဖြည်းနှင့် အကျပ်အတည်း ဆိုက်လာသည် ။ ပေါက်ယုသည် စည်းစိမ်ချမ်းသာနှင့်သာ နေရသော်လည်း သူ့ရှေ့တွင် လူတွေသေသွားကြသည် ကို မြင်နေရသည် ။ ကျင်ကို့နှင့် ကျင်ချွန်းတို့ မှာ ငယ်ငယ်ရွယ်ရွယ်နှင့် သေသွားခဲ့ရသည် ။ ပေါက်ယုမှာ လာလည်း ပြုစားခံရသဖြင့် သေကောင်ပေါင်းလဲ ဖြစ်ခဲ့ရသည် ။ အစေတော် ကျင်ချွန်းမှာ သခင်မ ဝမ်(ပေါက်ယုအမေ) က သူ့သားကို ဖျက်ဆီးသူဟု ဆိုကာ အိမ်မှ နှင်ချသဖြင့် ရှက်၍ သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့သည် ။ သူ့မရီး မမယု၏ ညီမဖြစ်သူ မမလတ်မှာ ရှေ့ကို

မျိုး၍ သေသွားခဲ့သည် ။ သူ့အစေတော် တစ်ယောက်ဖြစ်သည့် ချင်ဝမ်းမှာ လည်း အရှက်ကြောင့် သူကိုယ်သူ အဆုံးစီရင်သွားသည် ။

သို့ဖြင့် စံအိမ်ကြီးမှာ ကြီးကျယ်ခမ်းနားသည့်တိုင် ယိုယွင်းနေသည် ။ အပေါ်ယံအားဖြင့် ပျော်ရွှင်နေကြသော်လည်း တကယ် တွေးကြည့်လျှင် ကြေကွဲစရာတွေ ပြည့်နေသည် ။ ဤအချက်ကို အခြားသူများ သတိမထားမိသော်လည်း ပေါက်ယု သတိထားမိသည် ။

ပေါက်ယုသည် ထိုက်ယုကို ချစ်သည် ။ ထိုက်ယုကလည်း ပေါက်ယုကို ချစ်သည် ။ သို့ရာတိုင် မိဘများက ပေါက်ယုကို ဆွေမျိုးစုကြီးတစ်စုဖြစ်သည့် ဆွေ့ဆွေမျိုးစုမှ ပေါက်ကြည်နှင့် ပေးစားလိုသည် ။ သို့ရာတွင် ပေါက်ယုက ပေါက်ကြည်ကို လက်ထပ်ခြင်း မပြုလို။ ငယ်ငယ်က သူတို့နှစ်ယောက်လုံးကို ချစ်ခဲ့သော်လည်း အတန်ကြာလာသောအခါတွင် မိမိတကယ်ချစ်သူသည် ထိုက်ယုသာဖြစ်ကြောင်း ပေါက်ယု သိလာခဲ့သည် ။

နောက်ဆုံးအခန်းဖြစ်သည့် အခန်း ၄၀ (အခန်း ၈၁ မှ ၁၂၀) အထိ ဇာတ်လမ်းသည် ပါဝင်သူဇာတ်ဆောင်များ ဒုက္ခသုက္ခများ နှင့် ကြုံတွေ့ရပုံ၊ ကျိဆွေမျိုးစုကြီး စီးပွားပျက်လာခဲ့ပုံ စသည် တို့ ကို ဖော်ပြထားသည် ။ ပေါက်ယုသည် ဆင်းရဲနွမ်းပါးစွာ နေရသည် ။ ထိုအထဲတွင် မွေးစဉ်က ခံတွင်းတွင် ငုံလျက် ပါလာသည့် ကျောက်စိမ်းတုံးမှာ လည်တွင် ဆွဲထားရာမှ တစ်နေ့တွင် ပျောက်ဆုံးသွားသဖြင့် ပေါက်ယုမှာ ရူးမတတ်ဖြစ်ခဲ့ရသည် ။ သူ့ခမည်းတော် ကျိချိန်သည် အရာမှ နုတ်ပယ်ထားခြင်းခံထားရာမှ ဘုရင်က အမျက်ပြေ၍ ပြန်ခေါ်ကာ ရာအူးစွန်းအဖျားတွင် ရာထူးငယ်တစ်ခုကို ပေးသည် ။ ဤတွင် ခမည်းတော်ကြီးသည် သူ အမှုထမ်းတာဝန်ဖြင့် ခရီးမထွက်မီ ပေါက်ယုကို အိမ်ထောင်ပြုစေလိုသည် ။ ထိုက်ယုမှာ ကျန်းမာရေးမကောင်းဘဲ ချောင်းဆိုးသွေးပါရောဂါ စွဲကပ်

နေသဖြင့် ပေါက်ကြည်နှင့် လက်ထပ်ပေးရန် စိတ်ကူးထားသည် ။ ဤ သတင်းကို ထိုက်ယုကြားသည့်အခါ ဤတစ်သက်တွင် မိမိချစ်သူနှင့် မ ပေါင်းရတော့ပြီဟု သိရှိကာ ရောဂါတိုး လာပြီး သွေးအန်ကာ ပေါက်ယု နှင့် ပေါက်ကြည်တို့ လက်ထပ်မည့်နေ့မှာ ပင် ရောဂါကြောင့်လည်း ကောင်း၊ စိတ္တဇကြောင့်လည်းကောင်း သေဆုံးသွားခဲ့သည် ။ ပေါက်ယုမှာ ဘုရင့်စာတော်ပြန်ပွဲ အောင်မြင်ပြီး မိမိချစ်သူ ထိုက်ယုနှင့် လက်ထပ်ရတော့မည်ဟု ဆိုကာ ဝမ်းမြောက်ဝမ်းသာဖြင့် ရွှေမြို့တော်မှ နေ၍ မိမိဇာတိမြို့သို့ ပြန်လာခဲ့သည် တွင် မိမိချစ်သူ ထိုက်ယုနှင့်မဟုတ် ဘဲ ပေါက်ကြည်နှင့် ဖြစ်နေသည့်အတွက် အကြီးအကျယ် စိတ်ထိခိုက်သွားခဲ့သည် ။ ထိုအတောအတွင်းတွင် ပေါက်ယု အစ်မဖြစ် သူ ဘုရင်၏ မြောက်နန်းမိဖုရားငယ် ယွမ်ချွန်းမှာ လည်း သေဆုံးသွားခဲ့ သည် ။ ထိုသို့ရှိနေစဉ် ကျိုရှဲ (ကျိုချိန်၏ အစ်ကို) နယ်များ တွင် တပည့်များ မွေးပြီး လာဘ်စားခြင်း၊ ဘုရင့်ဘဏ္ဍာတော်ကို အလွဲသုံးစား လုပ်ခြင်း တို့ ကြောင့် ရာဇဒဏ်သင့်ကာ အဆောင်အယောင်တို့ ကို ရုပ် သိမ်းခံရ၊ ပစ္စည်းများကိုလည်း ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းလိုက်သ ည် ။ ကျိုချိန်တို့ မိသားစုလည်း ရာဇဒဏ်သင့်ကြသည် ။ ဤတွင် မယ်မ ယ် (ကျိုရှဲနှင့် ကျိုချိန်တို့ ၏ မိခင်၊ ပေါက်ယု၏ အဘွား) မှာ စိတ်ကလည်း ထိခိုက်၊ အသက်ကလည်း ကြီးပြီဖြစ်သည့်အတွက် ကွယ်လွန်ခဲ့သည် ။ စံအိမ်ကြီးတစ်ခုလုံးကို ခြယ်လှယ်လာခဲ့သည့် နတ်ငှက်မယ်မှာ လည်း သူ့ကို မည်သူကမျှ လေးစားချစ်ခင်ခြင်း မရှိကြတော့ဘဲ ရှုပ်ပွေသည့် မိန်းမတစ်ယောက်၊ ခြယ်လှယ်သည့် မိန်းမတစ်ယောက်အဖြစ် ယူဆခြင်းခံရကာ လောကကြီးကို စိတ်နာ၍ သေဆုံးသွားခဲ့သည် ။ ပေါ က်ယုမှာ စိတ်ထိခိုက်ကာ ကျန်းမာရေးချို့တဲ့ ပြီး သေကောင်ပေါင်းလဲဖြ စ်နေစဉ် ကိုရင်ကြီးတစ်ပါးသည် ပျောက်သွားသော ကျောက်စိမ်းတုံးကို

ကိုင်၍ ပေါက်လာသည် ။ ပေါက်ယုသည် ကိုရင်ကြီးကို မြင်လိုက်သည့် အခါတွင် သတိမေ့သွားသည် ။ ထို့နောက် သတိပြန်ရလာသည် ။ ပေါက်ယုသည် လူသစ်စိတ်သစ်ဖြင့် သူ့ဆွေမျိုးစု၏ အရှိန်အဝါကို ပြန်၍ ထူထောင်ရန် ကြိုးစားသည် ။ နောက်တစ်နေ့တွင် ဘုရင့်စာတော်ဖြေဆိုရာတွင် သတ္တမရပြီး ရာထူးတွင် ခန့်အပ်ခံရလေသည် ။

သို့ရာတွင် ပေါက်ယုမှာ တရားရခဲ့လေပြီ။ ပေါက်ယုသည် ကိုယ်လေး လက်ဝန်ရှိစပြုသည့် ဇနီးပေါက်ကြည်ကို စွန့်ပစ်ကာ ထွက်လာခဲ့သည် ။ ဖခင် ကျိုချိန်သည် သူ့မိခင်(မယ်မယ်)ကို သင်္ဂြိုဟ်ပြီးနောက် ရွှေမြို့တော်သို့ ပြန်လာခဲ့ရာ စခန်းတစ်ခုသို့ အရောက်တွင် သာမဏေတစ်ပါးကို မြင်သဖြင့် ကြည့်လိုက်ရာ မိမိသား ပေါက်ယု ဖြစ်နေသည် ကို တွေ့ရလေသည် ။ ကျိုချိန်သည် မိမိ၏ သား ပေါက်ယုနှင့် စကားပြောဆိုမည်ပြုစဉ် မထေရ်တစ်ပါးနှင့် ကိုရင်ကြီးတစ်ပါးတို့ ရောက်လာကာ ပေါက်ယုကို ခေါ်သွားကြသည် ။

ကျိုချိန်သည် သူတို့ နောက်သို့ လိုက်သေးသော်လည်း သူတို့ ကို မမြင်ရတော့။ ရှေ့တွင် ဟာလာဟင်းလင်း ဖြစ်နေသည့် နှင်းခဲပြင်ကြီးကိုသာ မြင်ရတော့သည် ။

ဤကား ဇာတ်လမ်းအတိုချုပ် ဖြစ်သည် ။

ဤဝတ္ထုကြီးထဲတွင် ‘ကျို’ ဆွေမျိုးစု၊ ‘ရှိ’ဆွေမျိုးစု၊ ‘ဝမ်’ဆွေမျိုးစုနှင့် ‘ဆွေ့’ဆွေမျိုးစုဆိုသည့် မှူးမတ်ပဒေသရာဇ် ဆွေမျိုးစုကြီးလေးစုကို နောက်ခံကားအဖြစ်ထားကာ ဇာတ်လမ်းဖော်သွားခြင်းဖြစ်ပြီး ပေါက်ယု ၊ ထိုက်ယုနှင့် ပေါက်ကြည်တို့ ၏ သုံးပွင့်ဆိုင်အချစ်၊ ပဒေသရာဇ်စနစ်၏ သွေးစုပ်မှုနှင့် ပေါက်ယုဆိုသည့် လူငယ်ကလေးတစ်ယောက်၏ လောကကြီးတွင် စည်းစိမ်ချမ်းသာတို့ ကို ခံစားခဲ့ရပြီး နောက်ဆုံးတွင် လော

ကကြီး၊ ဘဝ၏ အကျိုးမဲ့ အချည်းနှီးဖြစ်ပုံကိုမြင်ကာ အကျွတ်တရား ရသွားပုံတို့ ကို ဖော်ပြသည့်ဇာတ်လမ်း ဖြစ်သည် ။

**မြသန်းတင့်**